www.bobopage.com

ဒ်န်းဝေဝ်နှင့်ကာတွန်းဟသ်ဂစီစဉ်သည်

ကာတွန်း ရဲသူ (ရန်ကုန်တက္ကသိုလ်) ၏ ပန်းပဒေါ်မှုန် နှင့်

# ပုံပြင်လက်ဆောင်

## ပုံပြင်များ



ညီနဲ့ကိုကြည့်ရှုသင့်ကိုယ်ပိုင်စိတ်ကူးပုံပြင်တစ်ပုဒ်ကိုလောကနယ်စာပေတိုက်သို့ ,အမည်လိပ်စာအပြည့်အစုံဖြင့် ရေးသားပေးပို့ ,ပါ။
(အကောင်းဆုံးပုံပြင်ဆုငွေ ၃၀၀၀ ကျပ်)

ကာတွန်း ရဲသူ ၏ **ပန်းဝတ်မှုန်**

# ပုံပြင်လက်ဆောင်

## ပုံပြင်များ


ထုတ်ဝေသူ

စာမူခွင့်ပြုချက်အမှတ် ၃၀၀၆၃၇၁၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၀၀၁၆၁၀၅၁၁

❖

ထုတ်ဝေသူ

ဦးဇော်ဝင်းဦး (ရယာနာရှပ်ပြလာစဉ်)

မြ (၀၄၂၄၇)၊ အမှတ်(၁၀၄၄)၊ သုမန (၁) လမ်း။

၁၆/၁ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

❖

အဖုံးနှင့်အတွင်းပုံနှိပ်

ဦးမြင့်ဦး၊ ဝသုန္ဓရာ၊ သိန်းသန်းဦး အော့ဖ်ဆက်

အမှတ် (၁၂၁)၊ ၃၄-လမ်း(လယ်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

အတွင်းဖလင် ကိုဇင်ဦးနှင့်ညီများ

မျက်နှာဖုံးပန်းချီ ကျော်သစ်

အုပ်ရေ ၅၀၀

တန်ဖိုး ၁၀၀ ကျပ်

ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်

ထုတ်ဝေသည့်ကာလ ၂၀၁၁-ခုနှစ်၊ ဇွန်လ

စီစဉ်သူ သိန်းဇော်၊ ကာတွန်းဟသာ

လောကနတ်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိပါသည်။

လောကနတ် စာပေ၊ ၂၈၀-ခ၊ လမ်းသစ် ပွှာရုံလမ်း။ အင်းစိန်။

☎ ၀၉ ၅၁၂ ၄၇၅၄၊ ၀၉ ၅၁၆ ၃၀၄၄

ကာတွန်းမောင်ရဲသူ ၏ **ရွှေဝတ်မှုန်နှင့်**

# ပုံပြင်လက်ဆောင်

## ပုံပြင်များ

ကာတွန်းမင်းဇော်





BOBO
ဟာ ဒီတစ်ပတ် အခါထဲမှာဘာပုံပြင် တွေပါလဲ
အများကြီး ပါတာပေါ့!
ဒီနေ့ ကျောင်းပိတ်ရက်မို့တို့တွေ ဒီစက်ထဲမှာပါတဲ့ပုံပြင်တွေကို ကြည့်ရအောင်လာ ခလုတ်နှိပ် လိုက်တော့မယ်...
ချလောက်


စက္ကာဝ
ဖူးစာ
ကာတွန်း
သိန်း၇အောင်



တစ်ခါက ၊ ရွာလေးတစ်ရွာမှာပေါ့
စကြာမ ယန္တရား အတတ်နဲ့
ပန်းပုပညာကို တတ်မြောက်တဲ့သား
အဖနှစ်ဦးတို့ ရှိကြလေတယ် ....
ဖခင်ဖြစ်သူက ၊ သာမန်
ပန်းပုရုပ်လေးတွေကိုသာ
ထုလုပ်လေ့ရှိသတဲ့ .....
သားဖြစ်သူကတော့ ၊ ရုပ်ပီပီ စကြာမ
ပညာအတတ်နဲ့ လှုပ်ရှားနိုင်တဲ့ ပန်းပု
ရုပ်တွေ ထုလုပ်တာပေါ့ ....


ဒီအခါ - ဖခင်ဖြစ်သူက သူ့သားကို တားမြစ် ရှာတယ် ....
ငါ့သားဥက္ကာ - ဒီယန္တရား ပန်းပုရုပ်တွေကို မပြုလုပ် ပါနဲ့ ...
ဒီအရုပ်တွေဟာ - ငါတို့တွေရဲ့ အသက်အန္တရာယ်ကို ထိခိုက် စေနိုင်တယ်ကွယ့် ....
ဒါနဲ့ဥက္ကာဟာ - ဖခင်ဖြစ်သူကို ရိုသေလို့ ယန္တရားပညာကိုအသုံး မပြုတော့ဘူးတဲ့ ...


ဒီလိုနဲ့နေလာကြရင်းက - တစ်နေ့မှာ ဖခင်ဖြစ်သူဟာ သေဆုံးသွားတော့တယ် ....
ဒီအခါ - သူတစ်ယောက်တည်း စိတ်ကြိုက် လေထဲမှာပျံသန်း နိုင်တဲ့ ကျေးငှက်ရုပ်ကြီးကို ပြုလုပ်လိုက်သတဲ့ ....


ပြီးတော့ - လူခြေတိတ်တဲ့အချိန်နဲ့
လူတွေ မမြင်တွေ့နိုင်ကြမယ့်
တောအုပ်ထဲမှာ ဝိတ်တာဆိတ်ပျံသန်း
စီးနင်းပြီး သဘောကျနေတော့တယ်....
ဟဲ ဟဲ ဟဲ


ဒီအချိန်မှာ . နန်းတော်က အိမ်ရှေ့မင်းသား
လေးကို ဘုရင်ကြီးက ကြင် ဂုရုတော်ရွေးပြီး
လက်ထပ်ပေးသတဲ့ .....
ကြင် ဂုရုတော် ရှာတွေ့ရင်
သားတော်ကိုထီးနန်းပေးအပ်
တော့မယ်ကွယ့် ....


ဒါနဲ့ မင်းသားလေးလည်း၊ ကြပ်ယာတော်
လိုက်ရှာတော့တယ် ...
ဒါပေမယ့် - သူ့နှစ်သက်ရမယ့်သူ
တစ်ယောက်မှ မတွေ့ဘူး ဖြစ်နေသတဲ့ ....


ဒိုင်း - တစ်စုနန်းလောက်ရှုံးလည်း
ဖုံ့နေပြီ - တစ်ယောက်မှငါ
မစုံမက်ဘူး ... ဟူး ....
ဒီနို့မင်းသားလေးဟာ - နောက်ပိုက်
မှူးမတ် - စစ်သည်တော်ခြွေနဲ့ အဆွေနှန်းတော်
မြို့ပြင်ကို ထွက်လာခဲ့တော့တယ် ....
၁၂
မကြာခင်မှာ - တောစပ်ကို
ရောက်ပြီးဖြတ်သန်းကြသတဲ့ ....




ဒီအခါ - ငှက်ယန္တရားပျံစီးနိုင်နေတဲ့ မောင်ဉာဏ - ကိုတွေ့လိုက်ကြရတော့တယ်....




ဟေ့-မောင်မင်း -ငါကိုယ်တော်
ရှေ့မှောက် အမြန်ဆင်းပြီး
ခစားစမ်း ...
မောင်ဘုရားလည်း -ငှက်ပျံကြီးကို
မင်းသားလေးရဲ့ရှေ့မှာဆင်းသက်စေပြီး
အရိုအသေပေးလိုက်သတဲ့ ....


မှန်လှပါအရှင့်သား - အမိန့် ရှိတော်မူပါ ....
မောင်မင်းစီးနေတဲ့ ဒီငှက်ကြီးဟာ - ဘာ ငှက် အမျိုးအစားလဲ ကွယ့်
မှန်ပါ - ဒီငှက်ဟာ ကျွန်တော်မျိုး စက္ကာမ ယန္တရားပညာနဲ့ ပြုလုပ် ထားတဲ့ ရူရှိုက်ပါစီးနင်း နိုင်သော ငှက်ရုပ်ပျံ ကြီးဖြစ် ကြောင်းပါ အရှင့်သား .....


ပြဟ - ဒီ ... ဒီ
ငှက်ရုပ်ပျံကြီးပေါ့ ...
မင်းသားလေးဟာ - ငှက်ရုပ်ပျံမှန်း
သိတာနဲ့မောင်ဥာဏကို ပျံသန်းတဲ့
ခလုတ်တွေအကြောင်း မမေးမိဘဲ
အလျင်စလို တက်စီးလိုက်တယ် ...

ဒီတော့ မင်းသားလေးဟာ - ပျံသန်းတဲ့ ငှက်ကိုပဲ သိပြီး ဆင်းသက်ရပ်တဲ့ ငှက်ကို
မသိဘဲ ဖြစ်နေသတဲ့ ....




မင်းသားလေးဟာ - ကောင်းကင်အမြင့် လေထဲမှာ ပျောက်ကွယ်သွားလို့ မှူးမတ်တွေက မောင်ဥာဏကို ရှုပ်ကြဲတယ်လို့သတ်မှတ်ပြီးစွပ်စွဲ ကြတော့တယ် .....
ကိုင်း - ဝန်မင်းရေ - အမိန့်ရှိစ ကိုယ်တော်လေးကို အန္တရာယ်ပြု ရှုပ်ကြဲတဲ့ ဒီရာဇဝတ်သားကို နန်းတော် ခေါ်သွားကြစို့ရှး ....
ဒီလိုနဲ့မောင်ဥာဏလည်း - ဘာမှမတတ်နိုင်ဘဲ ဖမ်းဆီးခေါ်ဆောင်ရာနောက်ကို လိုက်သွားရရှာသတဲ့ .....


နန်းတော်ကို ရောက်သွားတော့
မှူးမတ်တွေက ဘုရင်ကြီးကို
မျှော်တင်ရိုက်ကြတယ် ....
ဒီအခါဘုရင်ကြီးလည်း - အမျက်ဒေါသ
ထွက်သွားသတဲ့ ....
ဝေါက်....


ရှိုင်းလိုက်လေ ..... ဒီငရိုက်ကောင်
ရှုံ့ဖတ်သားကို ထောင်သွင်းလို့
အကျဉ်းချထားစေ ... အမိန့်တော် .....
အဲဒီနောက် - မောင်ဥာဏဟာ ဘုရင့်
အမိန့်နဲ့ အကျဉ်းထောင်ထဲမှာနေရ
ရှာတော့တယ် .....


ဒီအချိန်မှာ ... ဘုရင့်သားတော်ဖြစ်တဲ့
ဖားသားလေးဟာ ပျံသန်းသွားလေရင်း
တောတောင်ရှုမြင်ကွင်းတွေ အလဝပ်ဝပ်ကို
ကျော်ဖြတ်လာခဲ့တယ် ....
အဲဒီနောက် . သမုဒ္ဒရာကြီးကို
ဖြတ်သန်းသွားလိုက်ပြန်သတဲ့ .....
ဟင် . ရှေ့မှာ ကျွန်းကြီး
တစ်ကျွန်းပါလား .....


ဒီကျွန်းကို ကြည့်ရတာ
တော်တော်သာယာမယ့်
ပုံပဲ ...
ဒီအခါ . ကျွန်းပေါ်က အရှိမ်း
ရှိတဲ့ မိန်းကလေးတစ်ယောက်ကို
တွေ့လိုက်ရတယ် ....


ဟာ - အတော်လှပ ပျော်မွေ့တဲ့ မိုးကလေး ပါလား.....
ဒီနဲ့ - မင်းသားလေးက ကွေ့ဝိုက် ပျံသန်းရင်းနဲ့ မိုးကလေးဆီကို ဆင်းသက်ဖို့ ကြိုးစားတော့သတဲ့ .....
ကျွိ
ကျွိ


ဒါပေမယ့် - ဆင်းသက်တဲ့ ခရှော့ဂ်ကို ရှာမတွေ့ဘူး ဖြစ်နေတယ် .....
ဒီအချိန်မှာ - အောက်ကမိန်းကလေး ကစည်း ငှက်ပျံကြီးစီးလာတဲ့ မင်းသားလေးကို မြင်သွားသတဲ့ .....
ဟေး ... ကျွန်မကို ဆင်းလာပြီး ကယ်ပါရှင် အမြန်လာကယ်ပါ ...


အောက်ကိုဆင်းတဲ့ ခလုတ် မသိလို့ ဆင်းလို့မရဘူး ဖြစ်နေတယ် ....
ဒါဆို . အဲဒီခလုတ်ကို ဦးခေါင်းပိုင်းမှာ ရှာကြည့် ဖိုးရှင် ....
ဦးခေါင်းပိုင်းမှာ မရှိဘူး ....



ဒီတော့ မိန်းကလေးက - ငှက်ပျံကြီးရဲ့
ညာဘက်တောင်ပံရယ် ဂယ်ဘက်တောင်ပံနဲ့
မင်းသားလေးထိုင်နေတဲ့အောက်မှာရော
ရှာဖွေပေမယ့် - ဆင်းတဲ့ခလုတ်ကို ဘယ်
မှာမှ - ရှာမတွေ့ဘူး ဖြစ်နေတယ် ....
ဒီလိုဆို - အမြီးပိုင်းမှာ
ရှာကြည့်ပါဦးရှင် ...
ဒီအခါ - မင်းသား
လေးက အမြီးပိုင်းမှာ
ရှာကြည့်လိုက်တော့
သေးငယ်တဲ့ မောင်းတံ
လေးကိုတွေ့ရတော့သတဲ့ ....


ချောက်...
ဖားသားလေးလည်း မောင်းတံကို ဆွဲချလိုက်တော့မှ ငှက်ရုပ်ပျံကြီး မြေပြင်ကို ဆင်းသက်သွားနိုင်တယ်...
ဝေါ
တော်ပါသေးရဲ့ရှင်...


ဒီအခါမင်းသားလေးက
အကြောင်းစုံမေးမြန်းလိုက်
သတဲ့ ......
ကျွန်မဟာ - သမုဒ္ဒရာတစ်ဖက်ကမ်းမှာရှိတဲ့နိုင်ငံက ဘုရင်ကြီးရဲ့ သမီးတော် တစ်ပါးပါရှင် .....
ကျွန်မကို - ဘီလူးကြီး တစ်ကောင်က ဖမ်းခေါ် လာပြီး ဒီကျွန်းမှာ ဖွက် ထားခံရပါတယ် ......


အခုတော့ ဘီရှူးကြီး သေဆုံးသွားလို့ ကျွန်မတစ်ယောက်တည်း ကျန်နေခဲ့ရပြီ .. ဖခင်ဘုရင်ကြီးလည်း ဝေးကွာလွန်းတဲ့ ဒီနေရာကို ရှာဖွေလို့တွေ့မှာ မဟုတ်ပါဘူးရှင် ...
အိုး .. မောင်ကြီးလည်း ဘုရင့်သားတော် ပါပဲ နှမတော် ...
ကိုင်း .. နှမတော်ရဲ့ တိုင်းပြည်ကို မောင်ကြီး လိုက်ပို့ပေးပါမယ် ...

အဲဒီနောက် မင်းသားလေးဟာ မင်းသမီးလေးကို ငှက်ရုပ်ပျံကြီးပေါ်တင်ပြီး
သူမရဲ့ နိုင်ငံဆီ လိုက်ပို့ပေးတော့တယ် ....




မင်းသမီးလေးရဲ့ နိုင်ငံကို ရောက်တော့ သူ့ဖခင်ဘုရင်ကြီးဟာ အရမ်းဝမ်းသာသွား သတဲ့ .....
ဪ .... အသင်မင်းသား ရိုရာ ဆုလာဘ်များ ပေးနိုင်ပါတယ် .....


မှန်လှပါ အရှင်မင်းကြီး  အရှင်မင်းကြီးရဲ့ သမီးတော်ကို ကျွန်ုပ် မြင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်မြတ်နိုးမိလို့ လက်ဆက်ပေးပြီး ကျွန်ုပ်တို့နိုင်ငံကို ခေါ်သွားခွင့်ပြုပါ .....
ဒီအခါ . ဘုရင်ကြီးလည်း သဘောကျသွားတော့တယ် ...
အိမ်း . သင့်မြတ်လှ ပါပေတယ် ....
အဲဒီနောက် . မင်းသားလေးကို သမီးတော်နဲ့ လက်ထပ်ထိမ်းမြားပွဲ ကျင်းပပေးသတဲ့ .....



ဒီလိုနဲ့ . ရက်အနည်းငယ်နေထိုင်ပြီး
မင်းသမီးလေးနဲ့အတူ မင်းသားလေးဟာ
သူ့နိုင်ငံကို ပြန်လာခဲ့တော့တယ် . . .
ဟာ

မင်းသားလေး ပြန်လာတာကိုမြင်တော့ မှူးကြီးမတ်ရာတွေဟာ အံ့ဩသွားကြပြီး ဘုရင်ကြီးဆီ အမြန်သွားလို့ လျှောက်တင်လိုက်ကြသတဲ့ ....




ခမည်းတော် ဘုရား
သားတော်ဟာ ငှက်ပျံ
ယန္တရားကြောင့် အန္တရာယ်
မတွေ့ဘဲ ကြင် ဂုဏ်တော်ပါ
ရခဲ့ပါပြီ ခမည်းတော် ...
ဦးတော့မှ - တောင်သွင်း
အကျဉ်းချထားတဲ့ မောင်ဉာဏကို
ခေါ်ပြီး အပြစ်ကလွှတ်ပေးလိုက်
သတဲ့ .....
ပြီးတော့ မောင်ဉာဏကို နန်းတွင်း
ပညာရှိကြီး အဖြစ်ရာထူးပါ
ပေးအပ်လိုက်တော့တယ် .....

ငှက်ပျံယန္တရားရုပ်ဟာ - ရှေးသင်္ဘောတွေနဲ့ နှစ်လကြာရှည်စွာသွားလေမယ့်
မရောက်နိုင်တဲ့နေရာတွေကို အချိန်တိုအတွင်း ရောက်နိုင်ကြောင်းသိရတဲ့အခါ
မောင်ဘုကာအား နန်းတွင်းလက်သမားတွေကို ဦးစီးစေပြီး ငှက်ယန္တရားရုပ်တွေ
အမြောက်အမြားလုပ်ခိုင်းတော့သတဲ့ .....




ခံ့ညားကားလှပြီး - ရှုခင်း
ပညာကြောင့် ရှုခင်းများ
စိတ်ချမ်းသာနေတာတွေ့ရလို့
ပျော်ရွှင်နေတော့တာပေါ့ကွယ်.....

# ရွှေဝတ်မှုန်

မောင်ရဲသူ





တစ်ခါက ဧကာဂဝတီ
တိုင်းပြည်ကြီးမှာ အလွန်
လှပတဲ့ မင်းသမီးလေး
ရွှေဝတ်မှုန် ရှိသတဲ့ ။
ရွှေဝတ်မှုန်ရဲ့ အလှဂုဏ်သတင်းဟာ
နိုင်ငံအနှံ့ ပျံ့နှံ့ရုံ မကဘဲ
ခုနစ်ပြည်ထောင်ထီးဆောင်းမင်းတွေ
ဆီအထိ ရောက်ရှိတယ် ။
၃၉


ဒီကြောင့် လက်ဆောင်ပဏ္ဏာ
တွေနဲ့အတူ ဆောင်သွယ်တော်
လွှတ်ပြီး မင်းသမီးလေး
ရွှေတက်မှုန်ကို လက်ထပ်ခွင့်
တောင်းခံကြတာပေါ့ ..
ဒါပေမယ့် ရွှေတက်မှုန်က
ဘယ်သူ့ကိုမှ သဘော
မကျဘူးတဲ့ .. ..
ဒီကြောင့် အားလုံးကို
ငြင်းဆန်လိုက်တယ်


ရွှေတော်မှုန် လေးရဲ့ ချစ်သူက စစ်သေနာပတိကြီးရဲ့သား သတိုးသိဂ ဖြစ်တယ်။
သတိုးသိဂ က ရုပ်ချောသတ္တိရှိတဲ့အပြင် သစ္စာသမာဓိရှိသူမို့ ရွှေတော်မှုန်က သဘောကျတာပေါ့ ။ ။



မိဂ္ဂိုနဲ့ သူတို့ချစ်သူနှစ်ဦးဟာ ပျော်ရွှင်စွာနဲ့ နေ့ရက်တွေကို ကုန်လွန်လာကြတာပေါ့ ။
တစ်နေ့မှာ မမျှော်လင့်တဲ့ စစ်အင်အားကြီးမားတဲ့ ဟံသာဝတီ တိုင်းပြည်က အထောက်တော်တွေဟာ စာချွန်လွှာလာပို့ကြတယ်


စာချွန်လွှာထဲမှာ မင်းသမီးလေး ရွှေဝတီမှုန် ကို သာကေတ ဘုရင် မင်းမြတ်ကကြင်ယာတော် အဖြစ်ကောက်ယူမှာမို့ ဆက်သ လိုက်ဖို့ ရေးထားတယ်။
ဒါဆိုရင် သမီးတော်ရဲ့ ချစ်သူ မောင်သတိုးသီဟက သဘောတူပါ့မလားကွယ်
ဒီအခါ ဒွာရဝတီ ဘုရင်ကြီးဟာရှိန်းစားရ ခက်နေတော့တာပေါ့


ဒီလိုနဲ့ သူတို့ချစ်သူနှစ်ဦးဟာ ပျော်ရွှင်စွာနဲ့ နေ့ရက်တွေကို ကုန်လွန်လာကြတာပေါ့။
ဒါနဲ့ သမီးတော်လေး ရှေ့တော်မှောက်ကိုရောက်ပြီး တိုင်ပင်တာပေါ့။


ဒါကြောင့် ဘုရင်ရဲ့ အလိုဆန္ဒ အတိုင်း သမီးတော် လက်ခံပါ့မယ်
ဒါဆိုရင် သမီးတော်ရဲ့ ချစ်သူ မောင်သတိုးသီဟက သဘောတူပုံမပါလားကွယ်
ရှိပါတယ် ခမည်းတော် မောင်တော်ဟာလည်း ကိုယ်ကျိုးထက် အများ အကျိုးကိုသာကြည့်သူမို့ ရှင့်ပြုမှာပါပဲ
၄၅



ဒီလိုနဲ့ မင်းသမီးလေး ရွှေဝတ်မှုန်ဟာ သာကေတပြည်ကလာတဲ့ အထောက်တော် စစ်သည်တော်တွေနဲ့ အတူ ဘောဂဝတီပြည်ကနေ လိုက်ပါသွားတော့တာပေါ့ ။
စစ်သူကြီးသား သတိုးသိဂ ကတော့ မြို့ရိုးထက်ကနေ ချစ်သူကို မျက်စိတဆုံး လှမ်းမျှော်ကြည့်ရင်း ကျန်ခဲ့ရှာသတဲ့ ။ ။
၄၆


ဆင်းသမီးလေး ရွှေပတ်မှုန် နှင့်
အင်္ဂလိပ်ပြည်ကရှမက်တွေဟာ
တောအုပ်ကြီးတစ်ခုကိုဖြတ်သန်း
လာရင်း တောအုပ်အလယ်မှာ
ခဏ နားကြတာပေါ့ ။
သူတို့ နားနေကြတဲ့နေရာဟာ
ဘီလူးတွေ နေထိုင်ကျက်စားတဲ့
နေရာဖြစ်မှန်း မသိကြဘူး
၄၇


ဘီလူးတွေရဲ့ အရှင်သခင် ဘုရင်မဟာ တောအုပ် ထဲမှာ နားနေတဲ့ လူစုကို တွေ့သွားတာပေါ့ ။
ဒီအခါ လူတွေကို အားရပါးရ ဖမ်းစား မယ်လို့ကြံတယ်
ဒါနဲ့ ရှောက်မှုန်တို့ လူစု အနားကို အသာကပ်လာတယ်


ဒီအခါ သာကေတ တိုင်းပြည်က
စစ်သည်တော်တွေဟာ ရွှေကျီးမှုန်
မင်းသမီးလေးကို သူတို့ဘုရင်နဲ့
လက်ထပ်ဖို့ခေါ်လာတာသိရတယ်
ဒါနဲ့ ဟိလ္လုံးဘုရင်မ ဟာ အကြံအစည်
တစ်ခု ပေါ်လာသတဲ့ .. ..
ဟင်း အခွင့်နဲ့
ငါစားလိုက်ရင် ဒီမှာ
ရှိတဲ့ လူတွေနဲ့ ပဲ
ပြီးသွားပါမယ်


ဒီတော့ ဒီမင်းသမီးလေး ရှောတ်မှုန့် ကိုဖမ်းထားပြီး ပုဏ္ဏားအယောင် ဆောင်ထား ရမယ် .. ..
ပြီးတော့ နန်းတော်ထဲကို ရောက်အောင်သွားရမယ်
နန်းတော်ထဲ ရောက်မှ ငါ့အဖော်အပေါင်းတွေကို ခေါ်ပြီး အားရပါးရစားရအောင် ဖွဲ့ပြီး ကောင်းလိုက်မယ်


ဒီနေ့ ဘီလူးသူရင်မဟာ
ယုဂ္ဂိရဲ့ အစွမ်းနဲ့ အာနားက
ပန်းပွင့်ကို ရှူယူပြီး
အိပ်ပျော်စေတဲ့ ရနံ့တွေ
ထွက်လာအောင်လုပ်တယ်
ပန်းရနံ့ကို ရှူမိတဲ့ အကောက
တိုင်းပြည်ကတပ်သားတွေနဲ့
ရွှေဝတ်မှုန် မင်းသမီးလေးဟာ
အိပ်ပျော်သွားတော့တယ်ပေါ့


ဒီအခါ ဘီလူးဘုရင်မက သူ့ရဲ့
အပေါင်းအဖော်ဘီလူးတွေကို
ခေါ်ပြီး မှာတာပေါ့ ။
ကဲ့ အခုလာမယ့် လပြည့်ညမှာ သကြာ နန်းတော်ထဲဝင်ပြီးတော့ တပျော်တပါး စားကြမယ်
ပေဒိုရှိသည့် ငါးချက် ဝါးတာနဲ့ မြို့ထဲကို ဝင်ခဲ့ကြပေတော့


ပြီးတော့ ဘီလူးဘုရင်မဟာ သူ့ရဲ့ အစေခံနဲ့ ရွှေဝတီမှုန်လေးကို ရဲတိုက်ကျဉ်းထဲမှာ ထည့်ပြီး ချုပ်ထားလိုက်တယ် ။
သူကတော့ ရွှေဝတီမှုန်လေး ပုံစံ ဖန်တီးပြီး မြင်းရထားထဲမှာ ဝင်ထိုင်နေလိုက်တယ် ။
ကိုင်း အားလုံးတော့ အဆင်သင့်ဖြစ်နေပြီ အိပ်ပျော်နေတဲ့ ရဲမက်တွေကို နှိုးဆော်ပြန်ပြီး လုပ်ရမယ် ။
၅၃


ဒါနဲ့ ဘီလူး ဘုရင်မဟာ မြင်းရထားထဲကနေ သူ့ရဲ့ အစွမ်းနဲ့ ရဲမက်တွေကို ပြန်နိုးအောင် လှုပ်လိုက်တယ်။
ကဲ မင်းတို့တွေ ဘာကြောင့် အိပ်နေကြတာတုန်း။ နေမဝင်ခင် ရွှေနန်းတော်ကို ရောက်အောင်သွားကြမယ်
၅၄


ဒီလိုနဲ့ သာဂေတ တိုင်းပြည်က စစ်သည်ရဲမက်တွေဟာ ဘီလူးဘုရင်မကို တင်ပြီး သာဂေတ နန်းတော်ဆီ အမြန်ပြန်သွားကြတာပေါ့
သာဂေတ နန်းဆောင်ရောက်တော့ ဘုရင်ကြီးက ဘီလူးဘုရင်မကို ရွှေဝတ်မှုန် ဝင်ပြီး ခရီးဦးကြိုပြု ဧည့်ခံတယ် .. ..


ဒီလိုနဲ့ အယောင်ဆောင် ဘိက္ခုမယော
လေးငါးရက်လောက်ကြာတော့
အကြံတစ်ခု ထပ်ရလာပြန်တယ်
အမယ် လပြည့်နေ့ရောက်လို့
ငါ့ရဲ့ အဖော်အပေါင်း ဘိက္ခုမတွေ
ရောက်လာရင် မြို့စောင့်တံခါးမှူး
တွေက ဖွင့်ပေးမှာမဟုတ်ဘူး


ဒီတော့ ငါ့ဂုဏ်လုယ့် ဟီလူး
တွေနဲ့ မြို့စောင့်နေရာကို
အစားထိုးမှ ရမယ်
ဒါနဲ့ ညသာအချိန်မှာ တံခါးစောင့်ကို
ယတ်စားလိုက်ပြီး ဟူရဲ့တယယ့်
ဟီလူးတစ်ကောင်ကို လူယောင်
ဆောင်ပြီး ထားထားလိုက်တယ်


ကဲ ဖိုးဒီမှာ သေသေချာချာ
စောင့် ပြီး လပြည့်နေ့မနက်
မိုးမသောက်ခင်မှာ ဗဟိုရုံသကို
ငါးချက်တီးပြီး မြို့တံခါးကို
ဖွင့်ပေးရမယ် ။
ဒီအချိန် အယောင်ဆောင်
ဘီလူးမရဲ့ ပြောစကားကို
ဥယျာဉ်ဆီလာခဲ့က
ပြန်လာတဲ့ အမတ်ကြီးက
ကြားသွားတယ်တဲ့ ။


ဒါနဲ့ မနက်ဘက်ရောက်မှ ဘုရင်ကြီးကို ပြောပြမယ်လို့ တွေးပြီး တိတ်တဆိတ် ပြန်လာခဲ့တာပေါ့ ..
ဒါပေမယ့် အမတ်ကြီး ပြန်ထွက်သွားတာကို ဘီလူးမကသိလိုက်တယ်
ဟင်း ဘုရင်ဆီကို ဒီသတင်း မရောက်ခင် အမတ်ကြီးကို ကွန်းလျှောရမယ်.. ဒါမှ


ထိုသူ့ဟာရင်မလည်း ညတွင်းချင်းပဲ ဟာရင်ကြီးအဆောင် ဝင်တွေ့သတဲ့ ။
မယ်ကြီးရှာ့ ။ အမတ်ကြီးဟာ ညလေးဆီ လာပြီး ရယ်ရုံးတယ်ရှာ့
ဪ ။ သူကလေ အရှင့်ကို သတ်ပြီး ထီးနန်းကိုအရ ယူမယ်တဲ့ နောက်ပြီးတော့ ညလေးကို မိဖုရားကြီးအရာ တင်မြှောက်မယ်လို့ ဖြားယောင်းပြောသွားသေးတယ်
၆၀


ဒါကြောင့် ကိုတင်
ကာကွယ် ဓိမ်ခိုင်ဖို့အတွက်
သတိပေးလေ့ကျက်ထားတာပါ
မိဘ ဟူရင်ကြီးလည်း
ဒေါသထွက်တာပေါ့
ဒါနဲ့ နန်းဆောင်ကို
ပြန်ဝင်လာပြီး အမတ်ကြီးကို
ချက်ချင်းဖမ်းပြီး သေဒဏ်
ပေးဖို့ စီရင်ခိုင်းတယ်


ဒါပေမယ့် အခြားအမတ်
တွေက သက်တော်ရှည်
အမတ်ကြီးမို့ ယောဒက်
မပေးသင့်ကြောင်း ဝိုင်းပြီး
လျှောက်ထားကြတယ်
ယောဒက်အစား
ပြည်နှင်ဒဏ်သာ
ပေးသင့်ပါတယ်
ဒီအခါ ဘုရင်ကြီးလည်း
သဘောတူလိုက်ရပြီး
ညတွင်းချင်း သာကေတ
ပြည်က ထွက်ခွာဖို့
အမိန့်ချလိုက်တယ်



နီးတော့ အမတ်ကြီးလည်း
ဝီလူးမရဲ့ အကြံကို
ဘုရင်ကြီး သိအောင်
မပြောပြနိုင်တော့ဘဲ
ထွက်လာခဲ့ရတော့သတဲ့
အခု ငါ့အရင်က ကိုးကွယ်
ဆည်းကပ်ခဲ့တဲ့ ဆရာ
ရသေ့ကြီး ဆီကို သွားမှ
ကျောင်းသင်္ခမ်းမှာ
သူ့ဆရာရသေ့နဲ့
တွေ့တာပေါ့


ဇါတယှည့် အမတ်ကြီး မင်းလည်း အသက်အရွယ် ရလာပြီပဲ ဒါကြောင့်လောကီ အလုပ်တွေကိုစွန့်လွှတ်ပြီး ရသေ့ဝတ်နဲ့ ယူတော်ကောင်း အကျင့်ကိုကျင့်ဖို့လာတာလား
အမတ်ကြီးကမဟုတ်ကြောင်း ဟိုလူးမရဲ့ကောက်ကျစ်တဲ့ အကြံကြောင့် ထွက်လာ ရတာဖြစ်ကြောင်း ။
သူ့ရဲ့ တိုင်းပြည်ကို ဟိုလူး ရန်ကနေ ကာကွယ်ချင်သေးကြောင်း ပြောပြတာပေါ့ ။


ဒီအခါ ရသေ့ကြီးက
အရောင်တွေဖြာထွက်
နေတဲ့ပတ္တမြားတစ်လုံး
ထုတ်ပေးတာပေါ့
အဲဒီ ပတ္တမြားက ငါကိုယ်တိုင်
အစွမ်းထက်ဂါထာ အမျိုးမျိုး
ရွတ်ဖတ်ထားတဲ့ သိဒ္ဓိရှင်
ပတ္တမြားပဲကွ—
မကောင်းဆိုးဝါးတွေ အနားကို
မကပ်နိုင်အောင်နဲ့ သူတို့ရဲ့
မူလပုံရိပ်ကို မြင်ရအောင်
အစွမ်းလဲ ရှိတယ်


အမတ်ကြီးလည်း ရသေ့ကို ပေးတဲ့ သိဒ္ဓိရှင် ပတ္တမြားကို ယူပြီး မနက်ရောက်တော့ ပြန်လာခဲ့တော့တယ် —
အင်း ဒီ သိဒ္ဓိရှင် ပတ္တမြားဟာ တန်ဖိုး ကြီးတယ် ဒီတော့ ဘုရင့်ကို ဆက်ရမယ်
ဒါပေမယ့် ငါက ရာဇဝတ်ဒဏ် ရှိနေလို့ ကိုယ်တိုင်ဆက်ချင် ပေမယ့် ဆက်လို့မရပါလား


ဒါနဲ့ သာဂေတမြို့ကိုသွားမယ် ကုန်သည်ကိုတွေ့တော့ ပတ္တမြား အထုပ်ကိုပေးရင်း ဘုရင်ကို ဆက်သပေးဖို့ မှာကြားတယ်
ဒီအထဲက ပတ္တမြားဟာ နန်းတော်ရဲ့ ကြက်သရေကို တိုးပွားစေတယ်
ဒါကြောင့်မို့လို့ နန်းတွင်းမှာ ကာလပ်နဲ့ တင်ထားဖို့ကို သေသေချာချာလျှောက်နော် ငါ့မိတ်ဆွေမယ် ကြားလား


ကုန်သည်ကလည်း သာကေတ ပြည်ကိုရောက်တော့ အမတ်ကြီး မှာတဲ့အတိုင်း ပတ္တမြားကို ဘုရင့်ဆီ ဆက်သတာပေါ့!
ဘုရင်ကလည်းသိပ်ကြိုက် ပတ္တမြားမို့ နှစ်သက် သဘောကျသတဲ့
အဲဒီ နန်းတွင်းခန်းမဆောင်မှာ ပတ္တမြားကို ကလပ်နဲ့ တင်ထားလိုက်တယ်။


ဒီလိုနဲ့ လူတွေရှင်းတဲ့အချိန်မှာ
အယောင်ဆောင် ဟီလူးမဟာ
နန်းဆောင်ထဲဝင်လာသတဲ့
ယုပဟာ နန်းဆောင်ထဲ ကလပ်ပေါ်
တင်ထားတဲ့ သိဒ္ဓိရှင်ပတ္တမြားကို
တွေ့လိုက်ရတယ်.. ..
ပြီးတော့ ယုပတစ်ကိုယ်လုံး
မခံမရပ် နိုင်လောက်အောင်
ပူလောင်လာပါလေရော


သိဒ္ဓိရှင် ပတ္တမြားရဲ့ အရောင်ကြောင့်မျက်စိ ဝေလည်သွား ကျိန်းစပ် လာတော့တာပေါ့ ။
ဒါနဲ့ ဟိကုမ္မပဘာ ချက်ချင်းပဲ နန်းဆောင် အပြင်ထွက်ပြီး သိဒ္ဓိရှင်ပတ္တမြားနဲ့ ပုံစံတူ ပတ္တမြားတစ်လုံးဖန်ဆင်းတယ်
ပြီးတော့ သူ့မျက်နှာကို ပုဝါနဲ့စည်းပြီး ကာလပ်ပေါ်က သိဒ္ဓိရှင်ပတ္တမြားကို ပုဝါနဲ့ခုပ်ယူလိုက်တယ် ။


ပြီးတော့ ဥယျာဉ်တော်ထဲက
မင်္ဂလာ ရေကန်ကို သွားပြီး
ပတ္တမြားကို လွှင့်ပစ်လိုက်တယ်
ဟင်းဟင်း ငါ့ရဲ့ အကြံဉာဏ်တွေ
မပေါ်ခင် လက်ဦးသွားလို့
တော်ပါသေးရဲ့ ..
ဗိသုခမေ ဟာ
ယှဉ်ပြိုင်နိုင်သူ
တွေ့ပြီတော့
ပျော်နေသတဲ့


ဒီလိုနဲ့ လပြည့်နေ့ညကို ရောက်လာတော့သတဲ့
အယောင်ဆောင် ဘီလူးမဟာ နန်းကို မှီးမယောက်ခင် သူ့အပေါင်းအဖော် တွေနဲ့ လူသားကို အဝစားရတော့ မှာလို့တွေးပြီး ပျော်နေတာပေါ့
စားရတော့မယ် အဆစ်ရှယ် အားဟား အားဟား
ဒီအချိန်မှာ လူရိပ်တစ်ခုဟာ သူနေတဲ့ ခန်းဆောင်ထဲ ဝင်လာတယ် .. ..



အခန်းထဲ ဝင်လာသူက ကောဂဝတီ စစ်သူကြီးရဲ့သား ရွှေဝတ်မှုန် လေးရဲ့ ချစ်သူ သတိုးသိဂ ဖြစ်နေတယ်
အယောင်ဆောင် ဘီလူးမ ကတော့ သတိုးသိဂ ကို မသိဘူးပေါ့!
သင်ကားမည်သူလဲ အခု ချက်ချင်း ထွက်သွားစမ်း
?!


ဟင် အရင်က မင်းရဲ့ ချစ်သူ သတို့သမီး လေ မမှတ်မိတော့ဘူးလား
မင်းကိုလွမ်းဆွတ် သတိရလွန်းလို့ အခြားတိုင်းပြည်မှာ အဆင်ပြေပြေ နေနိုင်ပါ့မလား သိချင်လွန်းလို့ လာကြည့်တာပါ ။
အယောင်ဆောင် ဖိုးလူမလည်း ပျော်မောတသကြည့်ခဲ့တဲ့ သတို့သမီး ကိုတွေ့လိုက်ရတော့ သဘောကျသွားတော့ပေါ့ ။


အင်း ရွှေဝတ်မှုန် အဖြစ် ဟန်ဆောင်ပြီး ပျော်ပျော်ပါးပါး နေလိုက်ဦးမယ် ပြီးမှ သတ်တား လိုက်ရုံ ပြီးရောပေါ့ ..
အို မောင်တော်ကလဲ နှမတော်က မသိဘဲနေပါ့ မလား ကျိုးပေါ်တာပါ စိတ်မဆိုးပါနဲ့ ..
နှမတော်ကသာ မောင်တော်ကို လွမ်းနေတာပါပဲ အခုလို အသင့်သင့်တာနဲ့ အတွင်း ဆောင်ကို ဝင်ကြပါစို့


အယောင်ဆောင် ဘီလူးမက ချော့မြှူပြီး အဆောင်ထဲ ခေါ်တော့ သုဝဏ္ဏသီဟလည်း အံ့အားသင့်နေတယ်
ဟို... ကျုပ်ဟာ သာမာ တောင်းသိုင်းသူပါ နန်းတော် ဖြစ်ချင်တာကို ရှင့်မပြု နိုင်ပါဘူးကွယ်
သင့်ညီမ မသင့်တော် ပါဘူး မောင်တော်က နှမလေးကို လာကြည့်ရုံ သက်သက်ပါပဲ



ဒီအခါ ဧည့်ဝတ်မှူး အယောင်ဆောင်
ဘီလူးမက သတိုးသီဟ ရဲ့
လက်ကို အတင်းဆွဲပြီး သူ့ရဲ့
အိပ်ခန်းဆောင်ထဲခေါ်တယ်
သတိုးသီဟ က ဘီလူးမ
လက်ထဲက ရုန်းပြီးတော့
ထွက်ပြေးတော့တယ်
ဘီလူးမလည်း ဒေါသ
ထွက်တော့တာပေါ့
၇၇



အို့ အိပ်ဖန်တောင် တပ်သားတွေကို နန်းတော်ထဲ ရန်သူ ဝင်လာတယ်လို့ဖမ်း ကြဖို့အမိန့်ပေးတယ်
ရဲမက်တွေလည်း သတိုးသိဂနောက်က ဝိုင်းလိုက်ကြတာပေါ့
သတိုးသိဂ လည်း ထွက်ပြေးရင်းဥယျာဉ် ထဲက မင်္ဂလာရေကန် နားကိုရောက်လာတယ်


အင်း ရေကန်ထဲဆင်းပြီး ငုပ်နေရင် ရဲမက်တွေငါ့ကို တွေ့နိုင်မှာ မဟုတ်ဘူး
သတို့သမီး ဏုသီး ရဲမက်တွေ ရှာလို့မတွေ့အောင်ရေကန်ထဲ ဆင်းပြီး ငုပ်နေလိုက်တယ်
ဟင် ငါ့ခြေထောက်အောက်က မှုလုံးခုလုနဲ့ တက်နင်းမိ ထားတာ ဘာပါလိမ့် ..


သတိုးသိဟ က ဦးလှိုးသူလှ ဖြစ်နေတာကိုကောက်ယူ
လိုက်တော့ ပတ္တမြား တစ်လုံး ဖြစ်နေသတဲ့
ရုံမက်တွေလည်း သတိုးသိဟကို
ရှာမတွေ့လို့ ပြန်သွားကြတယ်
နိုတော့မှ သတိုးသိဟ လည်း ၊
ရေကန်အပေါ်ကိုပြန်တက်
ခဲ့တော့တာပေါ့ ။


အင်း ဒါဟာ အရမ်းတန်ဖိုးရှိတဲ့ ပတ္တမြားပဲ သာကေတ မင်းကြီးရဲ့ ပတ္တမြားပဲဖြစ်ရမယ် တစ်နေ့ကျ ဒါကို ပြန်ပေးရမယ် ။
သတိုးသီဟ လည်း သာကေတ တိုင်းပြည်ကနေတောအုပ်ထဲ ရောက်လာခဲ့တော့တယ် ။
အင်း ငါ့ချစ်သူ နှမတော်လေး ရွှေတက်မှုန် ဟာ သိမ်မွေ့ပြီး သစ္စာရှိပြီး အရမ်းယဉ်ကျေးတယ် အခုနက တွေ့ရတဲ့ ရွှေတက်မှုန်ဟာ ရမက်ကြီးပြီး ကြမ်းတမ်းတယ်


ဟာတွေ ဖြစ်ကုန်တာလဲ နောက်ပြီးတော့ လွှင့်ပစ်ထားတဲ့ အဖိုးတန်ရတနာလည်း ရှိသေးတယ် အထူးအဆန်း တွေချည်း ပါပဲလား
ဒီအချိန်မှာ တောအုပ်ထဲ တစ်နေရာက တယောသံနဲ့ သီချင်းဆိုသံကြားလိုက်ရတယ်
၅၂
ဟင် ဒီသီချင်းသံဟာ ငါ့ချစ်သူ ရွှေဝတ်မှုန် အမြဲ ဆိုနေကျ သီချင်းသံပါလား


ထို့ သတိုးသိဂ က ယက္ခရှင် ပတ္တမြားကို လက်မှာကိုင် ရင်း လိုက်ရှာတော့ပေ!
ရဲတိုက်ကြီးရဲ့ ပြတင်းဝမှာ သီချင်း ဆိုရင်း ငိုနေတဲ့ ရွှေဝတ်မှုန်ကိုတွေ့ရသတဲ့
ဒီအခါ သတိုးသိဂ က အံ့ဩပြီး လက်ထဲက ပတ္တမြားလွတ်ကျသွားတယ်


ဒီတော့ ပုံပြင်ကျွန်း
ထဲက ရွှေတုတ်ချွန်လေး
ကွယ်ပျောက်သွားတယ်
ဖောက်ကွဲသွားတဲ့
ပတ္တမြားကို ပြန်ကောက်
ကိုင်လိုက်မှ ရွှေတုတ်ချွန်ကို
ပြန်တွေ့ရတော့သတဲ့
သတိုးသိဂ ညီသမီး ယိန္ဒိုင်
ပတ္တမြားကြီးရဲ့ ဆံရှမ်း
ဆိုတာ ယိုသွားတော့တယ်


ပြီးတော့ သူဟာ သိဒ္ဓိရှင် ပတ္တမြားကြီးကို ကိုင်ရင်း ရဲတိုက်ထဲဝင်သွားတယ်
ရွှေတိမ်မှုန် လေးကလည်း သတိုးသီဟ က ရောက်လာတော့ အံ့ဩသွားတာပေါ့!
သတိုးသီဟ လည်း ရွှေတိမ်မှုန်လေးကို ရဲတိုက်ထဲကနေ ခေါ်ထုတ်လာတယ်


သူတို့ဟာ ရဲတိုက်ကြီး နဲ့ ဝေးတဲ့ တောအုပ် တစ်နေရာမှာ အမောဖြေကြပြီးတော့ သဝိုးသိဂ က အကျိုး အကြောင်းမေးတာပေါ့
မိတော့ ရွှေဝတ်မှုန်က ဘီလူးမက သူ့ကိုဒီမှာ ဖမ်းဆီးထားပြီးတော့ သူ့အမေယောင်ဆောင်နေတာ ဖြစ်ကြောင်းပြောပြတယ်
သဝိုးသိဂ လည်း အကြောင်းစုံကို သဘောပေါက်သွား တော့တယ် ။
၈၆


သတိုးသီဟ လည်း နန်းတွင်း ထဲက ရွှေဝတ်မှုန် ဟာ အပေါ်မှာ ဒြေဆောင်သိကျွမ်းမှုနှုန်း ယိမ်းသွားတော့တယ် ..
ဒါဆိုရင် သာကေတ ဘုရင်ကြီးနဲ့ တိုင်းသူပြည်သားတွေ ဒုက္ခမရောက်ဖို့ အသိပေး အကြောင်းကြားမှရမယ်
ဒါပေမယ့် နှမတော်လေး အတွက် အန္တရာယ် ရှိတယ်ဆို သာကေတ နန်းတော်ကိုခေါ်မသွား တော့ဘဲ စိတ်ချရတဲ့ တစ်နေရာ ရာမှာ အပိတ်ထား ခဲ့ရမှာပဲ


ဒါနဲ့ သူတို့နှစ်ယောက် တောအုပ်ထဲမှာ လိုက်ရှာ ကြတော့ ရသေ့ကျောင်း သင်္ခမ်းကိုတွေ့ရတယ်
ဒါနဲ့ ကျောင်းသင်္ခမ်းထဲ ဝင်ကြည့်ကြတော့ရသေ့ တစ်ပါးနဲ့ သာကေတ တိုင်းပြည်ကသက်တော် ရှည်အမတ်ကိုတွေ့ရတယ်
ယခင်အခါ သက်တော်ရှည် အမတ်ကြီးကရှေ့တော်မှောက်ကို အယောင်ဆောင် ဝင်ရှုမလို့ ထိတ်သွားတယ်.. ..


ဟယ် ဒီလူမ နင်က
ဒီအဝတ် လဲပြီးတော့
ဘုရင်မတောကား
သတိုးသမီး လည်းအကျိုး
အကြောင်း ရှင်းပြလိုက်
တော့မှ ရွှေဝတ်မှုန်
မင်းသမီးလေးမှန်း
သိသွားကြတော့တယ်
နောက်ပြီး သတိုးသမီးက
သူ့ကတဲ့ မင်္ဂလာရက်နဲ့
ဆိတ်ကရှာလာတဲ့ ပတ္တမြားကို
ပြမှ ပိုယုံကြည်သွားတော့ပေါ့!


ယခုနှင့် ပတ္တမြား
မရှိရင် နန်းတည်းတော့
ဆွဲကြောက်ကွန်ပေတော့မယ်
ဒီနေ့ဟာ လပြည့်နေ့ပဲ
အဘကတော့ ပြည့်ဝတ်ကို
ဘီလူးတွေထိပြီး ယောင်းကျွန်း
ကြတော့မယ် ဒါလဲမကာကွယ်
နိုင်တော့ဘူး ဒုက္ခပါပဲ
ဒီအတွက် မပူပါနဲ့
ကျွန်တော်သွားပြီး
ကာကွယ်ပေးပါ့မယ်
ဘယ်လိုလုပ်ရမယ်
ဆိုတာသာပြောပါ


ရွာသူကြီးနှင့် သက်တော်ရှည် အမတ်ကြီး လုလင် သတိုးသိဂ စိတ်ဓာတ်ကို သဘောကျပြီး မိစ္ဆာတွေကို နှိမ်နင်းနိုင်တဲ့ လေးနှဲ့မြားကိုပေးလိုက်တယ်
သတိုးသိဂ လုလင် ရွှေဝတ်မှုန်လေးကို ကျောင်းသင်္ချိုင်းမှာ ထားခဲ့ပြီး မိစ္ဆာဘီလူးတွေကို နှိမ်နင်းဖို့ အင်္ဂတာပြည်ကိုထွက်လာတယ်


သတိုးသိဂ္ဂ က သာကေတ နန်းတော်ထဲကို အသာ ပြန်ဝင်လာတာပေါ့ ..
သူဟာ သိဒ္ဓိရှင် ပတ္တမြားကိုလည်း ကိုင်ဆောင်ထားလို့ ဘီလူးနဲ့ လူကို ခွဲခြားပြီး သိနေတယ် ..
ဘီလူးမရှိတဲ့ အတွင်း ခန်းဆောင်ကို သွား ရမယ် ..


အိပ်ဆောင်ထဲက သလွန်ပေါ်မှာ
အိပ်စက်နေတဲ့ ဟိလူးမကို
တွေ့တော့ ရသေ့ကြီးပေးတဲ့
မြားနဲ့ ပစ်ထည့်လိုက်တယ်
မြားမှန်ခံရတဲ့ ဟိလူးမလည်း
အော်ဟစ်ရင်း မီးလောင်ပြာကျပြီး
သေသွားတော့တာပေါ့ •• ••
၉၃


ဘီလူးမရဲ့ ဓားသံကြောင့်
အိပ်ပါဖန်စောင့် ရဲမက်တွေ
နိုးလာပြီး သတိုးသီဟကို
ဝိုင်းဖမ်းကြတော့ပေါ့ ..
အဲဒီအချိန်မှာ မြို့ရိုးက
ဗဟိုရ်စည် တီးသံကို
ကြားလိုက်ရတယ်..
ဒီတော့ အမတ်ကြီး
ပြောလိုက်တဲ့ မြို့စောင့်
ရဲမက်အယောင်ဆောင်ကို
သတိရလိုက်သတဲ့ ..


ဒါနဲ့ မြို့ရိုးဆီကို
အမြန်ပြေးတာပေါ့
ဖယ်ရှိစည် လေးချက်
တီးပြီး ချိန်မှာ မြို့ရိုး
နားကို ရောက်သွား
တော့သတဲ့ ....
အိုး....
သတိုးသိုက် လည်း မြို့ရိုး
ပေါ်က အယောင်ဆောင်
ဘီလူးကို သူ့မှာပါတဲ့
လေးနဲ့ ပစ်ချလိုက်တယ်


ဟင် လူသိကီးတော ငါ့ချက် မတီးဟဒိန်နဲ့ ရပ်သွားပါလား ဘာဖြစ်တာတုန်း
သတိုးသိဂ က သိဒ္ဓိရှင် ပတ္တမြားကို တစ်ဘက်ကကိုင် မီးရှူးနိုင်တဲ့ လေးနဲ့မြားကို တစ်ဘက်က ကိုင်ထားရင်း
ဟေ့ ဘီလူးတွေ မင်းတို့ အကြောင်း ငါကြားနှင့်ပြီးပြီ ဒုက္ခပေးမယ့်ကောင်ကို ငါ့ မြားနဲ့ ပစ်ရမယ်


ဒီအခါ မြို့ရိုးအပြင်က ဘီလူးတွေကလည်း သိန္နီရှင်ပတ္တမြားကို မြင်ပြီးထွက်ပြေးကုန် ကြတာပေါ့ .. ..
သတိုးသီဟ အနောက်က လိုက်လာတဲ့ စစ်သည် တွေကလည်း သတိုးသီဟ ကြောင့် ဘီလူးတွေထွက် ပြေးတာကိုတွေ့ရတယ်
သတိုးသီဟ ကို အန္တရာယ် မပေးတော့ဘဲ ကျေးဇူး တင်ကြတော့တာပေါ့


ဒီလိုနဲ့ နံနက်မိုးသောက် အလင်း
ရောက်တဲ့အချိန်မှာသက်တော်ရှည်
အမတ်ကြီးနဲ့ ရွှေဝတ်မှုန် တို့ဟာ
နန်းတော်ကိုရောက်လာကြတယ်
သတို့သမီး နဲ့ အတူ ဘုရင်ကြီးကို
ဝင်တွေ့ပြီး အမတ်ကြီးက
အဖြစ်အပျက် အလုံးစုံကို
ဘုရင်ကိုရှင်းပြလိုက်တယ်
ဒီတော့မှ ဘုရင်ကြီးလည်း
အယောင်ဆောင်ဘီလူးမရဲ့
ပရိယာယ်ကို သိသွားတယ်


ဒါကြောင့် အမတ်ကြီးကို ပြန်တောင်းပန်တယ်
အမတ်ကြီး ကျုပ်လည်း ဘီလူးမရဲ့ စကားကို နားယောင် မိသွားတယ် နန်းတွင်းမှာ ပြန်ပြီး အမှုထမ်းပါ
ကျွန်တော်မျိုးလည်းအသက် ကြီးပါပြီ ဒါကြောင့် လောကီ ရေးရာတွေကို စွန့်လွှတ်ပြီး ဆရာရသေ့နဲ့တောဝမှာပဲ တရားအားထုတ်ပါတော့မယ်


အင်း သင်ဇကျော် ပါပေတယ်
ကျွန်ုပ်လဲ လောဘရမ္မက်ကြီးလို့
ဘိလူးမရဲ့ အစာဖြစ်တော့မလို့ပဲ
ဒါကြောင့် အမတ်ကြီးလို့ပဲ
တောထွက်တရားကျင့်မယ်
ဒါဆိုရင် ဒီ သာကေတ
တိုင်းပြည်ကို ဘယ်သူ
ထိန်းသိမ်း အုပ်ချုပ်
တော့မှာလဲ
အင်း ဒီတိုင်းပြည်ကိုကယ်တင်
ခဲ့တဲ့ ဟောဒီ သတိုးသိဂ်ကိုပဲ
ထီးနန်းကိုလွှဲပေးလိုက်မယ်
နှိုက်ကြကတည်းက ချစ်သူတွေ
ဖြစ်ခဲ့ကြတဲ့ ရွှေဝတ်မှုန် နဲ့
လက်ထပ်ပြီး စံမြန်း
ကြပေတော့ ..



ဒီအခါ ကျွန်တော့်မှူးမတ်
တွေနဲ့ တိုင်းသူပြည်သား
တွေကလည်း အားလုံး
သဘောတူကြသတဲ့..
ဘုရင်နဲ့ အမတ်ကြီးတို့ဟာလည်း
တရားကျင့်ဖို့ တောထဲက ဆရာ
ရသေ့ဆီထွက်သွားကြတော့တယ်
သတို့သမီး နဲ့ ရွှေတော်မှန်တို့
ချစ်သူနှစ်ဦးဟာလည်း
ပျော်ရွှင်စွာနဲ့ သာကေတ
တိုင်းပြည်မှာနေသွား
ကြတော့တာပေါ့ကွယ်
၁၀၁

# ကောက်ကျစ်တဲ့ တောကြောင်


ကာတွန်း









ဖြိုးသာယာ"တောအုပ်ထဲမှာက ငှက်ပေါင်းစုံ ကျက်စားကြပါတယ်။ သူတို့ရဲ့
အော်မြည်သံက ချိုမြတယ်၊ သာယာတယ်။ ကြည်နူးဖွယ်ကောင်းတယ်။
တောက်
တောက်
တောက်
တစ်နေ့မှာတော့...
ငှက်လေးများ အစာရှာ စားနေတာကို
မြီးတံ့ရှည်"က စူးစူးစိုက်စိုက်ကြည့်နေ
တယ်။
သူ့ခေါင်းထဲမှာ အတွေးတစ်ခုပေါ်လာတော့တယ်။
သစ်တောက်ငှက်ကို
ကြည့်မရဘူး
မုန်းတယ်..


ငှက်သား စားရတော့မယ် ဆိုတဲ့ အ တွေးနဲ့ သစ်ပင်ကြီးပေါ်ကို ပြေးတက်တော့တယ်။
သစ်ကိုင်းထက် မှာ နားနေတဲ့ ကျီးကို တွေ့တော့
ဒီမှာ. ကျီးရေ ခင်ဗျားကို ခင်မင်လို့ ပြောမယ်
ဘာတုံး ကွ
ခင်ဗျားရဲ့ ဥတွေကို သစ်တောက်ငှက်က လာစားဖို့ကြံနေ တယ် -
ဟာ


ကျီးက ရိုးသားတော့ ကြောင်ကြီးရဲ့ စကားကို ယုံတာပေါ့၊
သစ်တောက်ငှက် ခင်ဗျားဆီကို လာရင်လေ၊ သူ့မျက်လုံးကို ထိုးဖောက်လိုက်ပေါ့
ဟုတ်ကဲ့ ရှင့်
အလွန် ကောက်ကျစ်တဲ့ ဖြီးတံရှည်ဟာ သစ်တောက်ငှက်ဆီသို့ သွား ပြန်တယ်
သစ်ပင် ခြေရင်းမှာ ရပ်ပြီး သစ်တောက် ငှက်ကို အော်ပြောတယ်။
တောက်
တောက်
တောက်
ချစ်စရာကောင်းတဲ့ သစ်တောက်ငှက် ခင်ဗျား၊




ခင်ဗျားကို ကျီးမကမိတ်ဖွဲ့ချင်လို့တဲ့ အဲဒါ .. ဒီညနေ သူ့အသိုက်ဆီ .. လာခဲ့ဖို့ ဖိတ်တယ်ဗျ ။
ကောင်းပါပြီ၊ ကျေးဇူးပါပဲ နော်။
ကောက်ကျစ်တဲ့ တောခြောင်ကြီး
ရိုးသားဖြူစင်တဲ့ ငှက်တို့ ..
အားပြိုင်ကြခြင်းဖြစ်တယ်-


ညနေစောင်းတော့ "ဖြီးတံရှည်" ဟာ ကျီးမနေတဲ့ အပင်ကြီးဆီ သွားတယ်။
အောက်နားက ချုံထဲမှာဝပ်ပြီး စောင့်နေတယ်။
ထိုးဆိတ်ကြီးရဲ့ ပြုတ်ကျတဲ့ အကောင်ကလေး စားမယ်။
မကြာပါဘူး "သစ်တောက်ငှက်လည်း ကျီးမဆီကို ရောက်လာတော့တယ်။
သစ်ခေါင်းထဲက မြွေဟောက်က ငှက်တွေကို စူးစူး စိုက်စိုက် ကြည့်နေတယ်။
၁၀၇



ကျီးမကတော့ သစ်တောက်ငှက် ကိုမြင်တော့ စိတ်ပူနေရှာတယ်။
ငါ့ဥတွေကို စားဖို့လာတာ ပဲ---
"မြီးတံရှည်" မျောတာ မှန်ပါလား
သစ်တောက်ငှက်က မသိရှာဘူး၊ ကျီးမက ဖိတ်တယ်ဆိုလို့ လာခဲ့တာပါ။
ကျီးမရေ မင်္ဂလာပါ
မြွေဟောက်လည်း သစ်ခေါင်းထဲက ချောကနဲ ထွက်ခဲ့ပြီး အစာရှာ တော့တယ်။


ဟာ..ဟာ မိပြီကွ
မြွေဟောက်ဟာ ကျီးမကို ရစ်ပတ်လိုက်တယ်။ ..မျို ဖို့ကြိုးစားတော့တယ်
ဖောက်
အား
ရုတ်တရက်ပင် မျက်လုံးကို ထိုးဖောက်
သစ်တောက်ငှက်ဟာ မြွေဟောက်ရဲ့ လိုက်တယ်။ ကျီးမလွတ်သွားတာပေါ့။
မြွေဟောက်လည်း သစ်ကိုင်းထက်က ပြုတ်ကျတော့တယ်။ ကံကောင်းချင်တော့ ချုံထဲမှာ ဝပ်နေတဲ့ တောကြောင်ကြီးပေါ် ပြုတ်ကျတာပါ။
ဖုတ်
အင်း အမလေး







တောကြောင်ကြီး "မြီးတံရှည်" ကတော့ မြွေဆိပ်တက်ပြီး တောချုံနွယ်
ပိတ်ပေါင်းထဲမှာပဲ အသက်ပျောက်သွားတော့တယ်။








နောက်ဆုံးတော့ -
ကျီးနဲ့ သစ်တောက်ငှက်တို့ဟာ သဘောပေါက်သွားကြတယ် ၊ ရက်စက်တဲ့ မြွေဟောက်နဲ့ ကောက်ကျစ်တဲ့ တောကြောင်ကြီး မရှိတော့ပြီမို့ အေးချမ်း ပျော်ရွှင်နေကြတော့တယ် ။

ပြီး


ကဒီတစ်ပတ်တော့ မိချူနုပဲတော်ကြမ်းဒီမိစာတွေ ကျက်စရာရေးစရာတွေ ရှိသေးတယ်နော်
အေးဟုတ်တယ် နောက်တစ်ပတ်မှနောက် ပုံပြင်တွေလာပတ် နော် ပိတ်လိုက်ကြမို့
သွားပြီ ဘိုဘိုရေတာ့တာ
အေးအေး တာ့တာ...